ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃၁/၂၀၂၂)

အမှတ်စဉ် (၃၁/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ လူထုအားကိုးအားထားထိုက်သည့် အစိုးရတစ်ရပ်ဖြစ်ရေး ကြိုးစားကြရန် NUG ယာယီသမ္မတတိုက်တွန်းပြောကြား



တော်လှန်ရေးအစိုးရတစ်ရပ်အနေဖြင့် လူထုရှေ့တွင် မားမားမတ်မတ်ရပ်တည်နေသော်လည်း တည်ဆောက်ရေးအတွက် လူထုအားကိုးအားထားထိုက်သည့် အစိုးရတစ်ရပ်ဖြစ်ရေး ကြိုးစားကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက နိုဝင်ဘာ ၂၂ ရက် (၇၅) ကြိမ်မြောက်အစိုးရအဖွဲ့ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

လက်နက်ကိုင်ပဋိပက္ခ ရှည်ကြာလာသည်နှင့်အမျှ တိုင်းပြည်နှင့်လူထုမှာ ဆိုးသထက် ဆိုးရွားလာနိုင်သည့်အတွက် လက်ရှိမြန်မာ့နွေဦးတော်လှန်ရေးတွင် အကြမ်းဖက်စစ်အုပ်စုတစ်ခုလုံးကို အလျင်အမြန်ချေမှုန်း သုတ်သင်နိုင်ရေး မဟာမိတ်စစ်ရေးတပ်ပေါင်းစုနှင့် တွန်းလှန်ဖြိုဖျက်ရန်လိုအပ်ကြောင်း၊ စီးပွားရေးအရ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကို အကြမ်းဖက်စစ်အုပ်စုနှင့် စစ်တပ်အသိုင်းအဝိုင်းက အဓိကလုပ်ဆောင်ကာ ခရိုနီလူတန်းစားဆိုသည်မှာလည်း စစ်အုပ်ချုပ်ရေးကာလတွေများတွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း နွေဦးတော်လှန်ရေးအတွင်း နိုင်ငံရေးအရ ခေါင်းပုံဖြတ် အမြတ်ထုတ်နေခြင်းများကို တွန်းလှန်ဖြိုဖျက်ပစ်ရမည်ဖြစ်ကြောင်းနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးတွင် ယင်းအချက်ကို အထူးစဉ်းစားကြရန် ယာယီသမ္မတက ဆက်လက်ပြောကြားသည်။

http://bit.ly/3XzZdHV

ကာကွယ်ရေးဝန်ကြီးဌာန

၂။ တော်လှန်ရေးတွင် ကိုယ့်အချင်းချင်းစိတ်ဝမ်းမကွဲရေး၊ နားလည်မှုရှိရေးများသည် အလွန်အရေးကြီးကြောင်း NUG ကာကွယ်ရေးဝန်ကြီးပြောကြား

တော်လှန်ရေးအနေးအမြန် ဆိုတာ မိမိရဲ့ စိတ်ဆန္ဒတစ်ခုတည်းပေါ်မှာ စီမံဆောင်ရွက်လို့ရတာမျိုး မဟုတ်ကြောင်း၊ မဟာမိတ်တည်ဆောက်မှု၊ တပ်မတော်ဖွဲ့စည်းမှု၊ လက်နက်တပ်ဆင်မှုများသည် စိတ်ရှိတိုင်းမမြန်နိုင်ကြောင်း၊ မိမိအင်အား၊ ရန်သူ့အင်အား၊ ပြည်တွင်းအခြေအနေ၊ နိုင်ငံတကာအခြေအနေ၊ ကိုယ့်ပြည်သူလူထုအ ခြေအနေဘက်ပေါင်းစုံကို စဉ်းစားချင့်ချိန်ကြရန်လိုအပ်ကြောင်း၊ တည်တည်ငြိမ်ငြိမ်၊ ခေါင်းအေးအေးထားပြီး ခြေလှမ်းမှန်မှန်လှမ်းနိုင်လျှင် ပန်းတိုင်နီးကပ်လာမည်ဖြစ်ကြောင်း၊ တော်လှန်ရေး လမ်းမလွဲဖို့၊ တော်လှန်ရေး လမ်းမချော်ဖို့ ဆိုရင် ကိုယ့်အချင်းချင်းစိတ်ဝမ်းမကွဲရေး၊ နားလည်မှုရှိရေးများသည် အလွန်အရေးကြီးကြောင်း၊ တော်လှန်ရေးတွင် ခြေလှမ်းနှေးခြင်း မြန်ခြင်းထက် ခြေလှမ်းမမှားရေးမှာ ပိုမိုအရေးကြီးကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်က နိုဝင်ဘာ ၂၃ ရက်တွင် PDF ရဲဘော်များအားပြောကြားနေသည့် အပတ်စဉ်မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

စာမျက်နှာ (၃) သို့

စာမျက်နှာ (၂) မှ

"အခုဆို အညာကလူထုသပိတ်တိုက်ပွဲဟာ မုံရွာလို မြို့ကြီးတွေရဲ့ လမ်းမတွေပေါ်ရောက်ရှိလာခဲ့ပြီဖြစ်တယ်။ ဒီအချက်က ပြည်သူ့တော်လှန်ရေးရဲ့ နယ်မြေစိုးမိုးထိန်းချုပ်နိုင်စွမ်း ဘယ်လောက်ရှိနေပြီဆိုတာဖော်ပြတယ်။ ငါတို့ရဲ့ဘော်တွေဘယ်လောက်စွမ်းခဲ့ကြတယ်၊ ရှေ့မှာဆက်ပြီး ဘာတွေအစွမ်းပြကြလိမ့်ဦးမယ်ဆိုတာ ရန်သူကောင်းကောင်း အကဲခတ်နိုင်တယ်။ စစ်အာဏာရှင်ရဲ့နောက်ဆုံးနေ့ မဝေးတော့ဘူး ဆိုတာလည်း သူတို့နားလည်သဘောပေါက်နေပြီလို့ ပြောချင်တယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။ http://bit.ly/3ie8Tb7

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ

၃ ။ တိုက်ပွဲကာလနှင့်ဆီလျော်သည့် ကြားကာလအုပ်ချုပ်ရေးအစီအစဉ်များချမှတ်ရန် NUG ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား



တော်လှန်ရေးအရှိန်ရလာသည်နှင့်အမျှ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးအစီအမံများအပြင် ထပ်တိုးလုပ်ဆောင်ရမည့် ကိစ္စများစွာရှိနေသေးကြောင်း၊ ကြားကာလအုပ်ချုပ်ရေးဖြစ်ခြင်းကြောင့် စစ်ရေး၊ အုပ်ချုပ်ရေးတွဲပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တော်လှန်ရေးအဆုံးသတ်တိုက်ပွဲအတွက် ထိထိရောက်ရောက် ကူညီပေးနိုင်မည့် ကော်မတီဖြစ်သဖြင့် ကြိုးစားကြရန်လိုအပ်ကြောင်း၊ စိုးမိုးနယ်မြေများတွင် တိုက်ပွဲကာလနှင့် ဆီလျော်သည့် ကြားကာလအုပ်ချုပ်ရေးအကောင်အထည်ဖော်ရေး အစီအစဉ်များချမှတ်ရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ်မန်းဝင်းခိုင်သန်းက နိုဝင်ဘာ၂၄ ရက် တွင်ပြုလုပ်သည့် ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ http://bit.ly/3VnJqdm

၄။တော်လှန်ရေးဖြိုခွဲရန်နည်းလမ်းမျိုးစုံကြိုးပမ်းလာကြသဖြင့်စည်းလုံးညီညွတ်ကြရန် NUG ပြည်ထောင်စုဝန်ကြီးသတိပေးပြောကြား

စစ်ကောင်စီသည် တော်လှန်ရေးဖြိုခွဲရန် နည်းလမ်းမျိုးစုံကြိုးပမ်းလာသဖြင့် အဖွဲ့ဝင်များအချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ တော်လှန်ရေး၏ အရေးကြီးဆုံးမှာ စည်းလုံးညီညွတ်ခြင်းနှင့် ပြည်သူလူထုအားလုံးပါဝင်မှုဖြစ်ကြောင်း၊စစ်ကိုင်း၊မကွေးတိုင်းတို့၏ သပိတ်အင်အားစုများသည် ပြည်သူလူထုတစ်ရပ်လုံး၏ စွန့်လွှတ်မှု စွန့်စားမှုများကို ဖော်ပြနေသဖြင့် တော်လှန်ရေးကိုအင်အားဖြစ်စေကြောင်း၊ မြေပြင်ရှိ ပြည်သူများ၏ ကြုံတွေ့နေရသည့် ခံစားမှုများကိုတွေ့မြင်နေရပြီး တော်လှန်ရေးကို ပိုင်ပိုင်နိုင်နိုင်ဖြင့်

စာမျက်နှာ (၄) သို့

စာမျက်နှာ (၃) မှ

အကောင်အထည်ဖော် ကျော်လွှားသွားရမည်ဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေး၊ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဒေါက်တာဇော်ဝေစိုးက နိုဝင်ဘာလ ၂၀ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလ ဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ နှင့် အထူးအုပ်ချုပ်ရေးဒေသ ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များတွေ့ဆုံဆွေးနွေးပွဲ၌ သတိပေးပြောကြားခဲ့သည်။ http://bit.ly/3V7iKhf

လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာန

၅။ စစ်ကောင်စီအနေဖြင့် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်ကာ တရားမဲ့ဖမ်းဆီးသတ်ဖြတ်မှုများ၊ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ပြည်တွင်းရှိကလေးသူငယ်ပေါင်း ၂၄၂ ဦးသေကြေပျက်စီး

အကြမ်းဖက်စစ်ကောင်စီ၏ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်ကာ တရားမဲ့ဖမ်းဆီးသတ်ဖြတ်မှုများ၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ကလေးသူငယ်ပေါင်း (၂၄၂) ဦးကျော် သေကြေပျက်စီးခဲ့ရပြီး ထောင်ပေါင်းများစွာသောကလေးများ ထိခိုက် နှစ်နာမှုများရှိနေကြောင်း၊ ထို့အပြင် ကလေးငယ်ပေါင်း (၃၇၂) ဦး ကျော်ကို မတရားဖမ်းဆီးထားပြီး ယနေ့အချိန်အထိ ကလေး ၃၀၃ ဦးခန့်မှာ ဆိုးရွားသောအချုပ်စခန်းများ၊ အကျဉ်းထောင်များတွင် ခက်ခဲကြမ်းတမ်းစွာ နေထိုင်ဖြတ်သန်းနေရကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန တို့က နိုဝင်ဘာ ၂၀ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့နှင့်ပတ်သက်၍ ထုတ်ပြန်ခဲ့သည်။ http://bit.ly/3V9eAWp



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီး ဌာန
နှင့်
လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန တို့၏
ထုတ်ပြန်ချက် (၂/၂၀၂၂)
၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်

အပြည်ပြည်ဆိုင်ရာကလေးများနေ့နှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

၁။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့သည် အပြည်ပြည်ဆိုင်ရာကလေးများနေ့ ဖြစ်သကဲ့သို့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့လည်း ဖြစ်ပါသည်။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာတဝှမ်း သက်ဆိုင်ရာ လူမျိုး၊ ဘာသာနှင့် ဓလေ့ထုံးစံများ ပါဝင်သည့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး ကလေးများပါဝင်ခွင့်နှင့် ပျော်ရွှင်ခွင့်ရအောင် နှစ်စဉ်ကျင်းပပြုလုပ်ကြပါသည်။

၂။အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ ကျင်းပရခြင်း ၏ အဓိက ရည်ရွယ်ချက်မှာ ကလေးများအတွက် ဘေးကင်းလုံခြုံသောနေရာ ပတ်ဝန်းကျင် ရရှိခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များ ရရှိအောင် ကလေးပြုစုစောင့်ရှောက်သူများမှ မူဝါဒရေးဆွဲသူများအထိ ကလေးသူငယ်အခွင့်အရေး အတွက် ပိုမိုအလေးထားဆောင်ရွက်ပေးနိုင်ရေး အတွက် အသိပေးလုပ်ငန်းစဉ် တစ်ခုအနေဖြင့်ပါ ရည်ရွယ်ပြီး ဆောင်ရွက်ကြပါသည်။

၃။ စစ်ကောင်စီ၏ လူမဆန်သော သတ်ဖြတ် ဖမ်းဆီးမှုများ၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ကြောင့် ကလေးသူငယ် ပေါင်း (၂၄၂) ဦးကျော် သေကြေပျက်စီးခဲ့ရပြီး ကလေး ထောင်ပေါင်းများစွာ ထိခိုက် နှစ်နာမှုများရှိနေပါသည်။

၄။ ကလေးငယ်ပေါင်း (၃၇၂) ဦး ကျော် ကို မတရား ဖမ်းဆီးထားပြီး ယနေ့အချိန်အထိ ကလေး (၃၀၃) ဦးခန့် မှာ ဆိုးရွားသော အချုပ်စခန်းများ၊ အကျဉ်းထောင်များတွင် ခက်ခဲကြမ်းတမ်းစွာ နေထိုင် ဖြတ်သန်းနေရလျက်ရှိသည်။

၅။ ယနေ့ကျရောက်သော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထွေထွေညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနေ့တွင် ကလေးတိုင်းအတွက် မိသားစုနှင့် လုံခြုံစွာ နေထိုင်ခွင့်၊ ပျော်ရွှင်စွာ စာသင်ကြားခွင့်နှင့်အတူ ကလေးသူငယ်အခွင့်အရေးများ



ပြန်လည်ရရှိစေရန်အတွက် ကုလသမဂ္ဂအပါအဝင် ကလေးသူငယ် အရေး လုပ်ကိုင်ဆောင်ရွက်နေသူများ အားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းလုပ်ဆောင်နိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသမီး လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနနှင့် လူ့အခွင့်အရေးဝန်ကြီးဌာနမှနေ၍ အပြည်ပြည်ဆိုင်ရာကလေးများနေ့ ရည်မှန်းချက်နှင့်အညီ မိမိတို့ ကလေးသူငယ်များအတွက် လုံခြုံစိတ်ချခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် လွတ်လပ်ငြိမ်းချမ်းစွာ စာသင်ကြားခွင့်များ များမကြာမီ ပြန်လည်ရရှိနိုင်ရန် ပြည်သူများအားလုံး နှင့် အတူ အထူးကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဆက်သွယ်ရန်
mowyca@nugmyanmar.org
mohr@nugmyanmar.org

အလုပ်သမားဝန်ကြီးဌာန

၆။ အလုပ်သမားသမဂ္ဂများကို လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်ပြုကြောင်းနှင့် အလုပ်သမားသမဂ္ဂအဖွဲ့အစည်းအသီးသီးအနေဖြင့်အကြမ်းဖက်စစ်ကောင်စီနှင့် လုံးဝ(လုံးဝ) မပူးပေါင်းရန် NUG သတိပေးထုတ်ပြန်

အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်မှုများကြောင့် အခြေခံအလုပ်သမား အခွင့်အရေးတစ်ရပ်ဖြစ်သည့် အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်း၍ လှုပ်ရှားဆောင်ရွက်ခွင့် ဆုံးရှုံးနေရသောလည်း အချို့သော အလုပ်သမားရေးရာ အရပ်ဖက်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ အလုပ်သမားခေါင်းဆောင်များသည် အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှုမရှိဘဲ စစ်ကောင်စီ၏ ဖမ်းဆီးနှိပ်စက်မှုခံရနိုင်သည့် အန္တရာယ်ကြားမှပင် အလုပ်သမားများဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေကြသည်။

သို့ရာတွင် အချို့အဖွဲ့အစည်းများမှာ အကြမ်းဖက်စစ်ကောင်စီနှင့် ပူးပေါင်း၍ အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်တွင် အလုပ်သမားအခွင့်အရေးများ ရရှိနေသယောင် ပြုမူဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းဆောင်ရွက်ချက်များသည် အကြမ်းဖက်စစ်ကောင်စီ၏ အုပ်ချုပ်မှုအား အသိအမှတ်ပြုထောက်ခံနေသကဲ့သို့ ဖြစ်နေကြောင်း၊ အလုပ်သမားထုကြီး၏ အခြေခံအခွင့်အရေး တစ်ရပ် ဆုံးရှုံးမှုမရှိစေရန်အတွက် မည်သည့်မှတ်ပုံတင်မှုမျိုးကိုမျှ ဆောင်ရွက်ရန်မလိုဘဲ အလုပ်သမားသမဂ္ဂများကို လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်ခွင့်ပြုကြောင်းနှင့် အလုပ်သမားအရေး ဆောင်ရွက်နေသော အလုပ်သမားရေးရာအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမားအဖွဲ့ချုပ်များအနေဖြင့် အကြမ်းဖက်စစ်ကောင်စီနှင့် မည်သို့သော ပူးပေါင်းဆောင်ရွက်မှုမျိုးကိုမျှ လုံးဝ(လုံးဝ) မပြုလုပ်ရန် လေးနက်စွာ သတိပေးကြောင်းကို ထုတ်ပြန်ခဲ့သည်။ http://bit.ly/3VaQGcW



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန
ကြေညာချက်အမှတ် (၁၃/၂၀၂၂)
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့)

အလုပ်သမားသမဂ္ဂများလွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်ကောင်စီက တရားဝင်အစိုးရထံမှ အာဏာကို မတရားလုယူရန် ကြိုးပမ်းချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူတို့၏ အခွင့်အရေးများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေပြီး အလုပ်သမားခေါင်းဆောင်များနှင့် သမဂ္ဂအဖွဲ့ဝင်များကို မတရားဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့် မရအောင်နည်းမျိုးစုံနှင့် တားဆီးခြင်း၊ ဖွဲ့စည်းထားသည့်အလုပ်သမားသမဂ္ဂများကိုတရားမဝင်ကြောင်း ကြေညာခြင်းစသည့် ဖိနှိပ်မှုမျိုးစုံကိုအစွမ်းကုန်ဆောင်ရွက်လျက်ရှိရာ အခြေခံအလုပ်သမား အခွင့်အရေးတစ်ရပ်ဖြစ်သည့် အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်း၍ လှုပ်ရှားဆောင်ရွက်ခွင့် ဆုံးရှုံးနေသည့် အခြေအနေ ဖြစ်ပါသည်။

၂။ ဤအခြေအနေတွင် အချို့သောအလုပ်သမားရေးရာအရပ်ဖက်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ အလုပ်သမားခေါင်းဆောင်များသည် အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှုမရှိဘဲ စစ်ကောင်စီ၏ဖမ်းဆီးနှိပ်စက်မှုခံရနိုင်သည့် အန္တရာယ်ကြားမှပင် အလုပ်သမားများဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေကြသော်လည်း အချို့သော အလုပ်သမားရေးရာ အရပ်ဖက် အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့ချုပ်များသည် အကြမ်းဖက်စစ်ကောင်စီနှင့် ပူးပေါင်းပြီး အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်တွင် အလုပ်သမားအခွင့်အရေးများ {အထူးသဖြင့် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့်စည်းရုံးခွင့်) ကို ရရှိနေသယောင် ပြုမူဆောင်ရွက်လျက် ရှိနေသည်ကို ဝမ်းနည်းစွာ မြင်တွေ့နေရပါသည်။



၂

၃။ ထို့သို့သော ပြုမူဆောင်ရွက်ချက်များသည် နိုင်ငံ့ဝန်ထမ်း CDM များအပါအဝင် အလုပ်သမားထုနှင့်ပြည်သူလူထုတရပ်လုံးက ဆန့်ကျင်တော်လှန်နေသော နွေဦးတော်လှန်ရေး၏ အနှစ်သာရနှင့် ကင်းကွာနေပြီး အကြမ်းဖက်စစ်ကောင်စီ၏ အုပ်ချုပ်မှုအား အသိအမှတ်ပြု ထောက်ခံနေသကဲ့သို့ ဖြစ်နေပါသည်။

၄။ သို့ဖြစ်ပါ၍ အလုပ်သမားထုကြီး၏ အခြေခံအခွင့်အရေး တစ်ရပ် ဆုံးရှုံးမှုမရှိစေရန်အတွက် ၁၉၅၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံက လိုက်နာကျင့်သုံးလျက်ရှိသည့် လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် စည်းရုံးခွင့်ကို အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၈၇ (Freedom of Association and Protection of the Right to Organise Convention, 1948(No. 87)) နှင့်အညီ မည်သို့သော မှတ်ပုံတင်မှုမျိုးကိုမျှ ဆောင်ရွက်ရန်မလိုဘဲ အလုပ်သမားသမဂ္ဂများကို လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုကြောင်းနှင့် အလုပ်သမားအရေး ဆောင်ရွက်နေသော အလုပ်သမားရေးရာ အဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမားအဖွဲ့ချုပ်များအနေဖြင့် အလုပ်သမားထုအပါအဝင် ပြည်သူတစ်ရပ်လုံးကိုရက်စက်စွာပြုမူဆောင်ရွက်နေကာ တိုင်းပြည်အာဏာကို မတရားရယူရန် ကြိုးပမ်းနေသော အကြမ်းဖက်စစ်ကောင်စီနှင့်မည်သို့သော ပူးပေါင်းဆောင်ရွက်မှုမျိုးကိုမျှ လုံးဝ**(လုံးဝ)** မပြုလုပ်ရန်လေးနက်စွာ သတိပေးလိုက်သည်။

နိုင်သုဝဏ္ဏ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၉/၂(ပြည်တွင်း)၂၀၂၂(၁၃၄)
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊နိုဝင်ဘာလ ၂၁ ရက်

မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

၇။ မြန်မာ့အမျိုးသားလေကြောင်းမှ အရာရှိအရာခံဝန်ထမ်း ၁၁ ဦးအား အမည်ပျက်စာရင်းသွင်းပြီး ဝန်ထမ်းအဖြစ်မှထုတ်ပယ်လိုက် ကြောင်း NUG ထုတ်ပြန်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ ဝန်ထမ်းများမှာ အာဏာသိမ်းစစ်ကောင်စီ၏ လက်အောက်တွင် ဆက်လက်တာဝန် ထမ်းဆောင်နေပြီး CDM ဝန်ထမ်းများအား ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ တရားစွဲဆိုခြင်း စသည့် အမျိုးမျိုးသောဖိနှိပ်မှုများကို ကျူးလွန်နေခြင်းကြောင့် အမည်ပျက်စာရင်းသွင်းလိုက်ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပယ်လိုက်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ အလုပ်သမားဝန်ကြီးဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ http://bit.ly/3GLJgbI

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန

ကြေညာချက်အမှတ် (၁၄/၂၀၂၂)
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့)

အမည်ပျက်စာရင်း ကြေညာခြင်းနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရသည် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၏လက်အောက်တွင် ဆက်လက်တာဝန်မထမ်းဆောင်ဘဲ ဓမ္မဘက်မှရပ်တည်၍ ပြည်သူနှင့်တသားတည်းဖြစ်စေရန်နှင့် အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်ကြစေရန် အကြိမ်ကြိမ်ဖိတ်ခေါ် ကမ်းလှမ်းခဲ့ပြီးဖြစ်ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အမိန့်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းသူရဲကောင်းများ၏ လူမှုဖူလုံရေး၊ လုံခြုံဘေးကင်းရေးနှင့် ဖိအားကင်းစင်ရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ တရားမဝင်အာဏာသိမ်းစစ်ကောင်စီ၏ လက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေပြီး CDM ဝန်ထမ်းများအားဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ တရားစွဲဆိုခြင်းစသည့် အမျိုးမျိုးသောဖိနှိပ်မှုများကို ကျူးလွန်နေသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းမှ အောက်ဖော်ပြပါ ဝန်ထမ်းများအား အမည်ပျက်စာရင်းသွင်းလိုက်ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပစ် (Dismiss) လိုက်သည်-

စဉ်	အမည်	ရာထူး	တာဝန်ထမ်းဆောင်သည့် ရုံး/ဌာန
၁	ဦးခုပ်ခန့်မော်	ဦးဆောင်ညွှန်ကြားရေးမှူးချုပ်	မြန်မာအမျိုးသားလေကြောင်း
၂	ဦးနိုင်စောလွင်	မန်နေဂျာ	စီးပွားရေးဌာန
၃	ဦးနေမျိုးတင်	ပုံသန်းရေးမှူးချုပ်	ပုံသန်းရေးဌာန
၄	ဦးဇော်မင်းအောင်	ညွှန်ကြားရေးမှူး	ပုံသန်းရေးဌာန
၅	ဦးလှဌေးအောင်	မန်နေဂျာ	အထောက်အကူပြုဝန်ဆောင်မှုဌာန
၆	ဦးကျော်ဇေယျ	မန်နေဂျာ	မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာန
၇	ဦးသန့်ဇင်လှိုင်	မန်နေဂျာ	အုပ်ချုပ်ရေး


၂

၈	ဦးသက်နိုင်ထွန်း	မန်နေဂျာ	လေယာဉ်မောင်းချုပ်
၉	ဒေါ်ချိုချိုဝင်းနွယ်	ကြီးကြပ်ရေးမှူး	ပုံသန်းရေးဌာန
၁၀	ဦးခင်မောင်လွင်	မန်နေဂျာ	မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာန
၁၁	ဦးဖုန်းမြင့်	မန်နေဂျာ	မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာန

(ပုံ) နိုင်သုဝဏ္ဏ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်။ ၁၃/၁-မမ(စီမံ)/၂၀၂၂(၁၃၈)
ရက်စွဲ။ ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၅ ရက်
ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ဝန်ကြီးချုပ်ရုံး
ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
မိတ္တူကို
ရုံးလက်ခံ
မျှောစာတွဲ

လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

၈။ အောက်တိုဘာလအတွင်း လူသားချင်းစာနာမှုအကူအညီ ငွေကျပ်သန်း ၃၇၀ ခန့်ပံ့ပိုးပေးနိုင်ခဲ့ကြောင်း NUG ထုတ်ပြန်

၂၀၂၂ခုနှစ် အောက်တိုဘာလအတွင်း လူသားချင်းစာနာမှု အကူအညီအတွက် ငွေကျပ် ၃၆၉ ဒသမ ၈၈ သန်း ကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ အာဏာသိမ်းအကြမ်းဖက် စစ်တပ်၏ မီးရှို့ဖျက်စီးမှုဒဏ်များကို ခံနေကြရသော ပြည်သူများ၊ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ထွက်ပြေးခိုလှုံနေကြရသည့်ပြည်သူများ၊ တော်လှန်ရေး၌ ပါဝင်ရင်း ထိခိုက်ဒဏ်ရာရရှိသူများနှင့် အသက်ဆုံးရှုံးရသူများ၏ မိသားစုဝင်များ၊ အကူအညီ လိုအပ်နေသော မသန်စွမ်းပြည်သူများအပါအဝင် ထိခိုက်လွယ်အုပ်စုများ၊ နိုင်ငံရေးအကျဉ်းသားများနှင့် အကြောင်းကိစ္စအမျိုးမျိုးကြောင့် လူသားချင်းစာနာမှုအကူအညီ လိုအပ်သူများကို

စာမျက်နှာ (၇) သို့

စာမျက်နှာ (၆) မှ

အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက မိတ်ဖက်အသီးသီးနှင့် လက်တွဲချိတ်ဆက်၍ မြေပြင်အထိရောက်အောင် ပံ့ပိုး ပေးနိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင် ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ http://bit.ly/3gw0IGM

တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	နိုဝင်ဘာ ၁၈ ရက်	ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အမျိုးသား ညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေးဝန် ကြီးဌာန၏ ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး	ဒေသတွင်းနှင့် မဟာဗျူဟာမိတ်ဖက်နိုင် ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နိုင်ငံတ ကာမဟာဗျူဟာမဟာမိတ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ ကုလသမဂ္ဂဆိုင်ရာမြန် မာအထူးကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်မိုးထွန်း၏ ချိတ်ဆက်ဆောင် ရွက် ချက်များ၊ အမျိုးသားညီညွတ်ရေးအစိုးရ ဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြန်လည်သုံးသပ်ခြင်းအစီအစဥ်များ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကိစ္စများကိုရှင်းလင်းဆွေးနွေးခဲ့ကြသည်။	http://bit.ly/3EFZznM
၂။	နိုဝင်ဘာ ၁၉ ရက်	ဝါရှင်တန်ဒီစီရှိ နိုင်ငံခြားရေး ဝန်ကြီးဌာနရုံး မိတ်ဆက်ပွဲပြုလုပ်ကျင်းပ	အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြား ရေးဝန်ကြီးဌာန၏ အမေရိကန်ပြည်ထောင် စု၊ ဝါရှင်တန်ဒီစီမြို့တွင် ဖွင့်လှစ်ထားရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနရုံး မိတ်ဆက်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နေ့တွင် ကျင်းပခဲ့သည်။	http://bit.ly/3VqYJSL
၃။	နိုဝင်ဘာ ၁၉ ရက်	အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ပဲခူးတိုင်းပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များတွေ့ဆုံ	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန် ကြီးဌာနမှ ဆောင်ရွက်နေသော မူဝါဒများ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မူဝါဒပိုင်းဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။	http://bit.ly/3u18rj3

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၄။	နိုဝင်ဘာ ၂၁ ရက်	အမျိုးသားညီ ညွတ်ရေး အစိုးရက အာဆီယံ ဥက္ကဋ္ဌ တာဝန်ကို တာဝန်ယူမည့် အင်ဒိုနီးရှား သမ္မ တဂျိုကို ဝီဒိုဒိုအားဝမ်းမြောက်ဂုဏ် ပြုစာပေးပို့	လာမည့် ၂၀၂၃ ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌ တာဝန်ကို တာဝန်ယူမည့် အင်ဒိုနီးရှား သမ္မ တဂျိုကိုဝီဒိုဒိုအား အမျိုးသားညီ ညွတ်ရေး အစိုးရ၊ ယာယီသမ္မတဒူဝါလရှီးလ မှ ဝမ်းမြောက်ဂုဏ်ပြုစာ ပေးပို့ခဲ့သည်။	http://bit.ly/3VcF1uq
၅။	အောက်တိုဘာ ၂၁ ရက်	မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် နှင့် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တို့ တွေ့ဆုံ	မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews သည် အမျိုးသားညီညွတ်ရေးအစိုးရ၏ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကိုယ်စား လှယ် ဦးရန်နိုင်ထွန်း နှင့်လာရောက်တွေ့ ဆုံ ဆွေးနွေးခဲ့ကြသည်။	http://bit.ly/3ALHaVB
၆။	အောက်တိုဘာ ၂၁ ရက်	မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ် နှင့် တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်တို့ တွေ့ဆုံ	မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews သည် အမျိုးသားညီညွတ်ရေးအစိုးရ၏ တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ကိုယ်စား လှယ် ဦးရန်နိုင်ထွန်း နှင့်လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။	http://bit.ly/3B9HHB5
၇။	အောက်တိုဘာ ၂၃ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊မကွေးတိုင်းရှိ မြို့န ယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး	ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် များ၊ မြို့နယ် ပအဖ အဖွဲ့ဝင်များက မြေပြင်အုပ်ချုပ်ရေး ဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက် များ ၊ မူဝါဒပိုင်းဆိုင်ရာ များအားဆွေး နွေးခဲ့ကြသည်။	http://bit.ly/3ExmotK

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၈။	နိုဝင်ဘာ ၂၃ ရက်	ကယန်းနှစ်သစ်ကူးနေ့အတွက် အမျိုးသားညီ ညွတ် ရေး အစိုး ရကသဝဏ်လွှာ ပေးပို့	စစ်အာဏာရှင်စနစ်ဆိုးကြောင့် ခေတ်အ ဆက်ဆက် သံသယများ၊ ပဋိပက္ခများကို အပြီးတိုင်ချုပ်ငြိမ်းပြီး တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော စည်းလုံးငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုက ရေစီပြည်ထောင်စုကြီးဆီသို့ အတူတကွ လက်တွဲလျှောက်လှမ်းကြရင်း ကယန်း တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံတဝှမ်း လုံးရှိ ပြည်သူအားလုံးတို့ ရင်ဆိုင်နေကြ ရသော ဒုက္ခအခက်အခဲများမှ အလျင်အ မြန် လွတ်မြောက် ကြပါစေဟု သဝဏ်လွှာ ပေးပို့ခဲ့သည်။	http://bit.ly/3EwEeNG
၉။	နိုဝင်ဘာ ၂၃ ရက်	အမျိုးသားညီညွတ်ရေးအ စိုးရမှ ရှမ်းနှစ်သစ်ကူးပွဲ တော်နေ့အတွက် သဝဏ် လွှာပေးပို့	စစ်အာဏာရှင်စနစ်ဆိုးကြောင့် ဖြစ်ခဲ့သော ခေတ်အဆက်ဆက် သယံသယများ၊ ပဋိ ပက္ခများကို အပြီးတိုင်ချုပ်ငြိမ်းပြီး တန်း တူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိသော စည်းလုံးငြိမ်းချမ်းသည့် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကြီးဆီသို့ အတူ တကွ လက်တွဲလျှောက်လှမ်းကြရန်နှစ် သစ် ကူးဆုတောင်းမင်္ဂလာ ပို့သခဲ့သည်။	http://bit.ly/3EE7Ske
၁၀။	နိုဝင်ဘာ ၂၅ ရက်	အမျိုးသားညီညွတ်ရေးအ စိုးရ၊ ကြားကာလဒေသန္တ ရပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီနှင့် တိုး ချဲ့ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံ	ဝန်ကြီးဌာနများမှ ဆောင်ရွက်နေသော လုပ်ငန်းများ၊ တိုးချဲ့ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။	http://bit.ly/3EFpxrD